### ၂၅။ CB MasterCard/ Visa Credit Card သုံးစွဲခြင်းအား ရပ်ဆိုင်းခြင်းအတွက် မည်သို့ ဆောင်ရွက်ရမည်နည်း။

CB MasterCard/ Visa Credit Card သုံးစွဲသူအနေဖြင့် မိမိကတ်အား အကြောင်းအမျိုးမျိုးကြောင့် မသုံးစွဲလိုပါက CB Bank သို့ စာရေး၍သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း အကြောင်းကြားရမည်။

### ၂၆။ CB Bank အနေဖြင့် ကတ်သုံးစွဲခြင်းအား ရပ်ဆိုင်းကြောင်း အကြောင်းကြားစာရရှိပြီး မည်သို့ ဆောင်ရွက်မည်နည်း။

CB Bank သည် အကြောင်းကြားစာရရှိပါက ကတ်သုံးစွဲခြင်းအား ရပ်ဆိုင်းမည်ဖြစ်သည်။ သို့သော် ကတ်သုံးစွဲခြင်းအား ရပ်ဆိုင်းသည့်အကြောင်းကြားစာ မရရှိမီ အချိန်အတွင်း ပေးဆောင်စရာရှိသည်များကို ကတ်ပိုင်ရှင်မှ ပေးဆောင်ရပါမည်။

### ၂၇။ CB MasterCard/ Visa Credit Card အသုံးပြုရန် မည်သည့် ကုန်ကျစရိတ်များ ပေးဆောင် ရမည်နည်း။

**1. Issuing Fee**

| | |
|---|---|
| Classic Card | - 10,000 MMK |
| Gold Card | - 15,000 MMK |
| Platinum Card | - 50,000 MMK |

**2. Annual Regular Fee**

| | |
|---|---|
| Classic Card | - 30,000 MMK |
| Gold Card | - 60,000 MMK |
| Platinum Card | - 120,000 MMK |

**3. Cash Advance** - Minimum 3,000 MMK (or) 1% of Withdraw Amount

**4. Late Payment Fee**

| | |
|---|---|
| Minimum Fee | - 10,000 MMK |
| Maximum Fee | - 20,000 MMK |
| Actual Fee (%) | - 5% (Per Month ) |
| Credit Usage Charge (%) | - 13% (Per Annual ) |

**5. Pin Re-issue Fee (All Card Type)** - 3,000 MMK

**6. Card Renewal Fee (All Card Type)** - 10,000 MMK

**7. Repayment**

| | |
|---|---|
| Minimum Amount | - 40,000 MMK (or ) 10% of Outstanding Amount |

**8. Interest** - 13 % (Per Annual )

**9. Admin Fee** - 10,000 MMK

**10. Statement Reprint Fee** - 3,000 MMK

**11. Collection Fee**

| | |
|---|---|
| One Month Overdue | - 5,000 MMK |
| Two Months Overdue | - 15,000 MMK |
| Three Months Overdue | - 30,000 MMK |

### ၂၈။ CB MasterCard/ Visa Credit Cardကို အသုံးပြုပါက ကန့်သတ်ချက်များ ရှိပါသလား။

CB MasterCard/ Visa Credit Card ကို အသုံးပြုပါက ကန့်သတ်ချက်များ ရှိပါသည်။

(လိုက်နာရမည့် အသေးစိတ် အချက်အလက်များကို CB Master Card/Visa Credit Card ၏ Terms & Conditions တွင် ဖော်ပြထားပါသည်။)

### ၂၉။ CB MasterCard/ Visa Credit Card တစ်ကတ်တွင် ဆင့်ပွားကတ် အသုံးပြုခွင့်ရှိခဲ့လျှင် မည်မျှ ပြုလုပ်ခွင့်ရှိသနည်း။

ရှိပါသည်။ ဆင့်ပွားကတ် (၅) ကတ်ပြုလုပ်ခွင့် ရှိပါသည်။

### ၃၀။ ဆင့်ပွားကတ်ပြုလုပ်ရန် မည်သည်တို့ လိုအပ်သနည်း။

ဆင့်ပွားကတ်ပြုလုပ်ရန် မူလကတ်ပိုင်ရှင်၏ အထောက်အထားများ နှင့် ဆင့်ပွားကတ် ပြုလုပ်လိုသူ၏ နိုင်ငံသားစီစစ်ရေးကတ်ပြား (သို့ မဟုတ်) Passport တို့ အား ယူဆောင်လာရမည်။

### ၃၁။ ဆင့်ပွားကတ်၏ သုံးစွဲငွေပမာဏများအတွက် ငွေပေးချေမှု နှင့် ငွေပြန်လည် ပေးသွင်းမှုများအား မည်သို့ ဆောင်ရွက်မည်နည်း။

ဆင့်ပွားကတ်၏ သုံးစွဲငွေပမာဏများအတွက် ငွေပေးချေမှုနှင့် ငွေပြန်လည် ပေးသွင်းမှုများအား မူလကတ်ပိုင်ရှင်၏ ကတ်မှသာ ပြုလုပ်ဆောင်ရွက်မည် ဖြစ်ပါသည်။

C B BANK

**CARD DEPARTMENT (Head Office):**
No(334/336),Corner of Strand Road & 23rd Street,
Latha Township, Yangon, Myanmar.
**HelpDesk Ph:** +95 1 370145, +95 1 378905
**Call Centre Ph:** 1874
**Website:** www.cbbank.com.mm
**Facebook:** www.facebook.com/CBBankmyanmar

C B BANK

C B BANK

# CB MasterCard / VISA CREDIT CARD အတွက် FAQ

**၁။ CB MasterCard/ Visa Credit Card ဆိုသည်မှာအဘယ်နည်း။**

CB MasterCard/ Visa Credit Card ဆိုသည်မှာ International သုံး အကြွေးဝယ်ကတ် ဖြစ်ပါသည်။

**၂။ CB MasterCard/ Visa Credit Card ကိုမည်သည့်နေရာများတွင် အသုံးပြုနိုင်မည်နည်း။**

CB MasterCard/ Visa Credit Card ကို MasterCard/ Visa အမှတ်တံဆိပ်ပါ နေရာတိုင်းတွင် အသုံးပြုနိုင်ပါသည်။

**၃။ CB MasterCard/ Visa Credit Card အားမည်သူတို့ အသုံးပြုနိုင်သနည်း။**

CB MasterCard/ Visa Credit Card အား ဘဏ်စာရင်း ဖွင့်လှစ်ထားခြင်း မရှိသူများနှင့် ဘဏ်စာရင်းဖွင့်လှစ်ထား၍ ပုံမှန်ဆက်သွယ်ဆောင်ရွက်သူများ အသုံးပြုနိုင်ပါသည်။

**၄။ CB MasterCard/ Visa Credit Card လျှောက်ထားရာတွင် မည်သည်များ လိုအပ်ပါသနည်း။**

(၁) ဓါတ်ပုံ ၂ ပုံ (၆လအတွင်း)
(၂) မှတ်ပုံတင်မိတ္တူ (သို့) Passport မိတ္တူ
(၃) သန်းခေါင်စာရင်း မိတ္တူ
(၄) CB Bank Account ရှိလျှင် CB Bank Statement (အနည်းဆုံး ၃လ အတွက်)
(၅) လျှောက်ထားသူ၏ကုမ္ပဏီ (သို့) အဖွဲ့အစည်းမှ လစာဝင်ငွေနှင့်ပတ်သက်သော ထောက်ခံစာမူရင်း (HR Letter Head ဖြင့် ဖြစ်ရမည်)
(၆) အာမခံပေးမည့် ပုဂ္ဂိုလ်တစ်ဦး၏ ထောက်ခံစာမူရင်း (Letter Head ဖြင့် ဖြစ်ရမည်)
(၇) စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ပါက စီးပွားရေးလုပ်ငန်းမှ တရားဝင်ရရှိသည့် ဝင်ငွေအထောက်အထားများ
(၈) အငြိမ်းစားများ ဖြစ်ပါက မူရင်းပင်စင်လစာနှင့် အခြားရရှိသော ဝင်ငွေအထောက်အထားများ လိုအပ်ပါသည်။

**၅။ CB MasterCard/ Visa Credit Card အမျိုးအစား ဘယ်နှစ်မျိုး ရှိသနည်း။**

CB MasterCard/ Visa Credit Card အမျိုးအစား (၃) မျိုးရှိပါသည်။
၎င်းတို့မှာ- (a) Classic Card
(b) Gold Card
(c) Platinum Card

**၆။ CB MasterCard/ Visa Credit Card (၃) မျိုး၏ ကွာခြားချက်များမှာ အဘယ်နည်း။**

Classic Card
- အကြွေးဝယ်ယူခွင့် ကျပ် ၅၀၀,၀၀၀/- မှ ကျပ် ၁,၀၀၀,၀၀၀/- ထိ

Gold Card
- အကြွေးဝယ်ယူခွင့် ကျပ် ၁,၀၀၀,၀၀၀/- မှ ကျပ် ၅,၀၀၀,၀၀၀/-

Platinum Card
- အကြွေးဝယ်ယူခွင့် ကျပ် ၅,၀၀၀,၀၀၀/- မှ အထက် ဖြစ်ပါသည်။

**၇။ CB MasterCard/ Visa Credit Card ရရှိအောင် မည်သို့ ဆောင်ရွက်ရမည်နည်း။**

CB MasterCard/ Visa Credit Card လျှောက်ထားလိုသူသည် CB Bank ရုံးချုပ် နှင့် မည်သည့်ဘဏ်ခွဲတွင်မဆို သတ်မှတ်လျှောက်လွှာတွင် ကိုယ်တိုင်လျှောက်ထားနိုင်သည်။

**၈။ CB MasterCard/Visa Credit Card ပြုလုပ်ပြီး ကတ်ရရှိရန် ရက်မည်မျှကြာမြင့်မည်နည်း။**

CB MasterCard/ Visa Credit Card ပြုလုပ်ပြီး ကတ်ရရှိရန် (၁၄)ရက်မျှကြာမြင့်ပါမည်။

**၉။ CB MasterCard/ Visa Credit Card အား လာရောက်ထုတ်ယူသောအခါ မည်သည်တို့ ယူဆောင်လာရမည်နည်း။**

CB MasterCard/ Visa Credit Card အား လာရောက်ထုတ်ယူသောအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) Passport တို့ကို တပါတည်း ယူဆောင်လာရပါမည်။

**၁၀။ CB MasterCard/ Visa Credit Card ရရှိပြီးလျှင် မည်သည်ကို ဦးစွာဆောင်ရွက်ရမည်နည်း။**

CB MasterCard/ Visa Credit Card ရရှိပြီးလျှင် Card၏နောက်ကျောဘက်တွင် ပါရှိသည့်လက်မှတ်ရေးထိုးရမည့် နေရာတွင် ချက်ချင်းလက်မှတ်ရေးထိုးရပါမည်။

**၁၁။ CB MasterCard/ Visa Credit Card အားမည်သို့ Activate ပြုလုပ်ရမည်နည်း။**

CB MasterCard/ Visa Credit Card အား Activate ပြုလုပ်လိုလျှင် CB Bank ၏ Call Center သို့ ဖုန်းဆက်၍ အကြောင်းကြားရပါမည်။ CB Bank မှ မေးခွန်း သုံးခုမေးမြန်းပြီး မှန်ကန်မှုရှိပါက Activate ပြုလုပ်ပေးမည် ဖြစ်ပါသည်။

**၁၂။ CB MasterCard/ Visa Credit Cardအား Activate ပြုလုပ်ပြီးနောက် မည်သည့်အချိန်တွင် စတင်သုံးစွဲနိုင်သနည်း။**

CB MasterCard/ Visa Credit Card အား Activate ပြုလုပ်ပြီးနောက် (၂၄) နာရီအတွင်း စတင် သုံးစွဲနိုင်ပါသည်။

**၁၃။ Customer များသည် CB MasterCard/ Visa Credit Card ဖြင့်ငွေပေးချေမှု ပြုလုပ်ခြင်းကြောင့်ရရှိသော ပြေစာများအား သိမ်းဆည်းထားရန် လိုအပ်ပါသလား။**

Customer အနေဖြင့် CB MasterCard / Visa Credit Card ဖြင့် ငွေပေးချေမှု ပြုလုပ်ခြင်းကြောင့် ရရှိသော ပြေစာများအား သိမ်းဆည်းထားရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြေစာတွင် ပါရှိသော ငွေပမာဏနှင့် ကတ် (သို့)ဘဏ်ငွေစာရင်းနှင့် တဖန်တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ပါသည်။ အကယ်၍ ငွေပမာဏ မှားယွင်းနေလျှင်(သို့)Customer မပြုလုပ်ခဲ့သော Transaction များရှိလျှင် ဘဏ်(သို့) ကတ်ထုတ်ပေးခဲ့သော အဖွဲ့အစည်းသို့ ဆက်သွယ်ရပါမည်။

**၁၄။ CB MasterCard/ Visa Credit Card မှ သုံးစွဲသည့် ငွေပမာဏအား မည်သည့်အချိန်တွင် ပြန်လည်ပေးသွင်းရမည်နည်း။**

CB MasterCard/ Visa Credit Card မှ သုံးစွဲသည့် ငွေပမာဏအား Statement တွင် ဖော်ပြထားသော သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပေးသွင်းရပါမည်။

**၁၅။ CB MasterCard / Visa Credit Card မှ သုံးစွဲသည့် ငွေပမာဏအား အတိုး ကင်းလွတ်ခွင့် ပေးထားပါသလား။ အကယ်၍ရှိပါက ရက်ပေါင်း မည်မျှ ရမည်နည်း။**

CB MasterCard/ Visa Credit Card မှ သုံးစွဲသည့် ငွေပမာဏအား အတိုးကင်းလွတ်ခွင့် ပေးထားပါသည်။ အတိုး ကင်းလွတ်ခွင့်ကာလမှာ အနည်းဆုံး (၁၅)ရက် အများဆုံး (၄၅) ရက် ရရှိမည် ဖြစ်ပါသည်။

**၁၆။ အတိုး ကင်းလွတ်ခွင့်ကာလ ကျော်လွန်ပါက အတိုးနှုန်း မည်မျှပေးဆောင်ရမည်နည်း။**

အတိုးကင်းလွတ်ခွင့်ကာလ ကျော်လွန်ပါက အတိုးတွက်ချက်ခြင်းကို သုံးစွဲထားသည့်ငွေပမာဏပေါ်တွင် တွက်ချက်သွားမည် ဖြစ်ပါသည်။ တွက်ချက်မည့် အတိုးနှုန်းမှာ(၁၃)ရာခိုင်နှုန်း ဖြစ်ပါသည်။

**၁၇။ CB MasterCard / Visa Credit Card မှ သုံးစွဲထားသည့်ငွေပမာဏအား မည်သည့် ပုံစံဖြင့် ပြန်လည်ပေးဆပ်ရမည်နည်း။**

CB MasterCard/ Visa Credit Card မှ သုံးစွဲထားသည့် ငွေပမာဏအား အနည်းဆုံး ပေးချေ မှုပုံစံ (နှင့်) အပြည့်အဝပေးချေမှု ပုံစံဟု (၂)မျိုး ခွဲခြားထားပါသည်။ အနည်းဆုံး ပေးချေမှုပုံစံတွင် မိမိသုံးစွဲထားသော ငွေပမာဏအပေါ်တွင် မြန်မာကျပ်ငွေ (၄၀၀၀၀) ကျပ် (သို့မဟုတ်) ၁၀ ရာခိုင်နှုန်း ပေးချေရပါမည်။ အပြည့်အဝပေးချေမှုပုံစံတွင် မိမိသုံးစွဲသော ငွေပမာဏအား တစ်ကြိမ်တည်းသာ ပေးဆောင်ရမည်။

**၁၈။ မိမိ၏ CB MasterCard/ Visa Credit Card အား မည်သို့ ထိန်းသိမ်းရမည်နည်း။**

မိမိ၏ CB MasterCard/ Visa Credit Card အား အမြဲလက်ဝယ်ထားရှိရပါမည်။ မိမိကတ်၏ PIN(သို့) လျှို့ဝှက်နံပါတ်နှင့် ကတ်၏မျက်နှာပြင်ပေါ်တွင် ရေးသားထားသော အချက်အလက်များအားလုံခြုံစွာထိန်းသိမ်းထားရပါမည်။ အထက် ဖော်ပြပါ အချက်အလက်များ ပေါက် ကြားသွားပါက ထိုအချက်အလက်များအား အသုံးပြု၍ အလွဲသုံးစားမှု များ ပြုလုပ်နိုင်ပါသည်။ ကတ်ပိုင်ရှင်သည် ထိုအချက်အလက် ပေါက် ကြားမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးများအားတာဝန်ရှိကြောင်းသိရှိနားလည်ရပါမည်။

**၁၉။ မိမိ၏ CB MasterCard/ Visa Credit Card ပျက်စီး/ပျောက်ဆုံးခြင်း (သို့မဟုတ်) မိမိကတ်အချက်အလက်များ ပေါက်ကြားခြင်း ဖြစ်ပေါ်ပါက မည်သို့ လုပ်ဆောင်ရမည်နည်း။**

မိမိ၏ CB MasterCard/ Visa Credit Card ပျက်စီး/ပျောက်ဆုံးခြင်း (သို့မဟုတ်) မိမိကတ်အချက်အလက်များ ပေါက်ကြားခြင်းဖြစ်ပေါ်ပါက Card ၏နောက်ကျောတွင် ဖော်ပြထားသော HelpDesk တယ်လီဖုန်းနံပါတ် (+၉၅၁၃၇၀၁၄၅) (သို့မဟုတ်) (+၉၅၁၃၇၈၉၀၅) (သို့မဟုတ်) Call Center တယ်လီဖုန်းနံပါတ် (၁၈၇၄) သို့ ချက်ချင်း အကြောင်းကြား၍ Card သုံးစွဲမှုအား တားမြစ်ရမည် ဖြစ်ပါသည်။ အကယ်၍ အကြောင်းကြားရန် ပျက်ကွက်မှုကြောင့် တစ်စုံတစ်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက Card ပိုင်ရှင်မှ တာဝန်ယူရမည် ဖြစ်သည်။ CB Bank မှ တာဝန်ယူမည် မဟုတ်ပါ။

**၂၀။ ဘဏ်အနေဖြင့် CB MasterCard/ Visa Credit Card အားမည်သည့် အခြေအနေတွင် အစားထိုးကတ် ထုတ်ပေးသနည်း။**

ဘဏ်အနေဖြင့် CB MasterCard/ Visa Credit Card အစားထိုးကတ် ထုတ်ပေးခြင်းအား အခြေအနေ(၃)ခုပေါ်တွင် ထုတ်ပေးပါသည်။ ၎င်းတို့မှာ-

(၁) ကတ်ပျောက်သွားခြင်း (သို့) ခိုးယူခံရခြင်း။
(၂) လျှို့ဝှက်နံပါတ် ပေါက်ကြားခြင်း။
(၃) ကတ်ပျက်စီးသွားခြင်း။

**၂၁။ ထိုအခြေအနေ (၃)ခုမှ အကြောင်းအရာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက မည်သို့ ဆောင်ရွက်ရမည်နည်း။**

ထိုအခြေအနေ(၃)ခုမှအကြောင်းအရာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ကတ်အစားထိုး ရယူရန်အတွက် ဝန်ဆောင်ခအဖြစ် MMK- 10,000/- (မြန်မာကျပ်ငွေ တစ်သောင်းကျပ်တိတိ) ပေးဆောင်ရပါမည်။ CB Bank မှ အစားထိုးကတ်ထဲသို့ပျက်စီးသွားသော ကတ်အတွင်းမှ ငွေလက်ကျန်အား ပြောင်းရွှေ့ပေးသွားမည် ဖြစ်ပါသည်။

**၂၂။ CB MasterCard/ Visa Credit Card အား ဝန်ဆောင်ခမယူဘဲ မည်သည့် အခြေအနေတွင် ကတ်အစားထိုးခြင်းအတွက် ဆောင်ရွက်ပေးသနည်း။**

CB MasterCard/ Visa Credit Cardအား ကတ်တွင်ပါရှိသောလုံခြုံရေးဆိုင်ရာအချက်အလက်များ ထည့်သွင်းထားသော Chip ချို့ယွင်းခြင်းနှင့် ကတ်ပျောက်ဆုံးခြင်းအတွက် ရဲစခန်းထောက်ခံစာပါရှိပါက ဝန်ဆောင်ခမယူဘဲ ကတ်အစားထိုးခြင်းအတွက်ဆောင်ရွက်ပေးပါသည်။

**၂၃။ Customer သည် မိမိ၏ CB MasterCard/ Visa Credit Card အား အစားထိုးကတ် မရယူလိုဘဲ စာရင်းပိတ်လိုပါက မည်သို့ ဆောင်ရွက်ရမည်နည်း။**

Customer အနေဖြင့် အစားထိုးကတ် မရယူလိုပါက ပျက်စီးသွားသော ကတ်မှ စာရင်းလက်ကျန်အတိုင်း ၎င်းကတ်ကို စာရင်းပိတ်ပေးမည် ဖြစ်သည်။ လက်ကျန်ငွေအား CB Bank သို့ အကြေအပြေ ပေးဆပ်ရမည် ဖြစ်ပါသည်။

**၂၄။ CB MasterCard/Visa Credit Card ၏မျက်နှာပြင်ပေါ်တွင် ဖော်ပြထားသော ကတ်သက်တမ်းထက် ပို၍သုံးစွဲနိုင်ပါသလား။**

CB MasterCard/ Visa Credit Card ၏ မျက်နှာပြင်ပေါ်တွင် ဖော်ပြထားသော ကတ်သက်တမ်းထက် ပိုသော သက်တမ်းအား သုံးစွဲနိုင်မည်မဟုတ်ပါ။ သက်တမ်းကုန်ဆုံးပါက ကတ်အသစ်အားထပ်မံပြုလုပ်နိုင်ပါသည်။